WOMEN ALLIANCE BURMA

# Women Alliance Burma

# အမျိုးသမီးမဟာမိတ်အင်အားစု

contact@womenallianceburma.com

---

## ကြေညာချက်အမှတ်(၀၁/၂၀၂၁)

## အမျိုးသမီးမဟာမိတ်အင်အားစု ဖွဲ့စည်းကြောင်းကြေညာခြင်း

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၆)ရက်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ စစ်တပ်အာဏာသိမ်းချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မိဘပြည်သူများအနေဖြင့် အာဏာသိမ်းမှုကိုအလိုမရှိကြောင်း ဆန္ဒကျင်ဆန္ဒပြခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ထိုကဲ့သို့ဆန့်ကျင်ဆန္ဒပြသည့် မြေပြင်သပိတ်လှုပ်ရှားမှုများတွင် နယ်ပယ်အသီးသီးမှအမျိုးသမီးများလည်း ပါဝင်လှုပ်ရှားလျက်ရှိကြသည်။ အဆိုပါမြေပြင်သပိတ်လှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်နေကြသော အမျိုးသမီးများအနေဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပိုမိုအားကောင်းလာစေရန် အခြားသော တော်လှန်ရေးအင်အားစုများဖြင့် အချိတ်အဆက်မိမိ လက်တွဲလုပ်ဆောင်ခဲ့ကြပါသည်။

ယခုအခါ **စစ်အာဏာရှင်စနစ်အား အမြစ်ဖြတ်တိုက်ထုတ်၍ အမျိုးသမီးများ၏ဦးဆောင်ပါဝင်မှုနှင့်အတူ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းလာစေရန်** ရည်ရွယ်လျက် မြေပြင်သပိတ်အင်အားစုအသီးသီးတွင် ပါဝင်လှုပ်ရှားနေကြသော လူငယ်အမျိုးသမီးများဖြင့် အမျိုးသမီးမဟာမိတ်အင်အားစုကို တရားဝင် စတင်ဖွဲ့စည်းလိုက်သည်။

အမျိုးသမီးမဟာမိတ်အင်အားစုအနေဖြင့် -

(၁) မြေပြင်အမျိုးသမီးသပိတ်များ အားကောင်းလာစေရန်နှင့် အခြားသောတော်လှန်ရေးကဏ္ဍအသီးသီးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရေး။

(၂) စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာရေး။

(၃) အနာဂတ် ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ဦးဆောင်ပါဝင်မှုကဏ္ဍ တိုးမြှင့်လာစေရေး။

အထက်ပါရည်မှန်းချက်ပန်းတိုင်များ အကောင်ထည်ဖော်ဆောင်ရွက်ရေးအား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ တော်လှန်ရေးကာလ၊ ကြားကာလနှင့် ပြန်လည်ထူထောင်ရေးကာလများတွင် အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။

WOMEN ALLIANCE
BURMA

---

အမျိုးသမီးမဟာမိတ်အင်အားစုတွင်ပါဝင်သော အမျိုးသမီးသပိတ်အင်အားစုများ

(၁) မန္တလေးအမျိုးသမီးသပိတ်စစ်ကြောင်း

(၂) ရန်ကုန်အမျိုးသမီးသပိတ်စစ်ကြောင်း

(၃) မုံရွာပင်မအမျိုးသမီးသပိတ်စစ်ကြောင်း

(၄) မုံရွာ - အမြင့်လမ်းဘေးကျေးရွာများအမျိုးသမီးသပိတ်စစ်ကြောင်း

(၅) ချင်းတွင်းမြစ်အနောက်ဘက်ကျေးရွာပေါင်းစုံအမျိုးသမီးသပိတ်အင်အားစု

(၆) ကလေးမြို့အမျိုးသမီးသပိတ်စစ်ကြောင်း

(၇) ဒီပဲယင်းမြို့နယ်အမျိုးသမီးသပိတ်စစ်ကြောင်း

(၈) တန့်ဆည်မြို့နယ်အမျိုးသမီးသပိတ်စစ်ကြောင်း

(၉) ထားဝယ်အရှေ့တောအမျိုးသမီးသပိတ်စစ်ကြောင်း

(၁၀) ဂန့်ဂေါမြို့နယ်အမျိုးသမီးသပိတ်စစ်ကြောင်း

ဖြန့်ဝေခြင်း

- အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန
- သက်ဆိုင်ရာမိခင်သပိတ်အဖွဲ့အစည်းများ